# ဖဲကြိုးဖြူလေး တတ်ရအောင်



White
Ribbon
Day

# "ဖဲကြိုးဖြူလေးတတ်ရအောင်"

## ဖဲကြိုးဖြူဖြင့် ချည်နှောင်ကြ

- မိတ်ဆွေရဲ့ အိမ်၊ ကား၊ လှေ၊ ကျောင်း၊ ဘတ်စ်ကား (သို့မဟုတ်) လူစုလူဝေးကို အဖြူရောင် ဖဲကြိုးဖြူအကြီးကြီးနဲ့ ချည်နှောင်နိုင်ပါတယ်။ (လိုင်းတွန့်လေးတွေပါတဲ့ အဖြူရောင်စက္ကူပြားပါးနဲ့လည်း လက်ရာမြောက် ပြုလုပ်နိုင်ပါတယ်။

## ဖဲကြိုးဖြူတွေ ချိတ်တွယ်ရန်၊

- မိမိတို့အမျိုးသားတွေကို သူတို့၏ နာမည်တွေ ဖဲကြိုးဖြူပေါ်တွင် ရေးထိုးပြီးနောက် နံရံ သို့မဟုတ် အောက်ခံ တခုခုပေါ်တွင် ပင်အပ်ဖြင့် ချိတ်တွယ်ပေးဖို့လည်း မေတ္တာရပ်ခံပေးပါ။
- မိတ်ဆွေတို့ရဲ ့ဒေသအတွင်းရှိ မီဒီယာတွေနဲ့ လုပ်ရှားမှုမတိုင်ခင် ရက်အနည်းငယ်ကတည်းက ကြိုတင်ဆက်သွယ်ပြီး လှုပ်ရှားမှုတွေ ပြုလုပ်နေတဲ့ အကြောင်းကို အသိပေးပါ။ တကယ်လို့ လိုအပ်ရင် သတင်းစာရှင်းလင်းပွဲတွေ ပြုလုပ်နိုင်ဖို့ အကူအညီ ပေးနိုင်ပါတယ်။

## ဖဲကြိုးဖြူကို ဘာကြောင့် တပ်ဆင်ကြပါသလဲ။

အဓိကကတော့ – ဖဲကြိုးဖြူတပ်ဆင်ခြင်းအားဖြင့် အမျိုးသမီးတွေနဲ့ ကလေးငယ်တွေ အပေါ် အကြမ်းဖက်မှု ကျူးလွန်မှုများကို ဆန့်ကျင်ကြောင်း အမြဲတမ်း ပွင့်လင်းစွာ ထုတ်ဖေါ်ပြောဆိုပါမယ်လို့ မိမိ တဦးချင်း ကိုယ်တိုင် ကိုယ်ကျ ကတိပြုခြင်း ဖြစ်ပါတယ်

ဖဲကြိုးဖြူ တပ်ဆင်ပြီးတော့ ထူးခြားမှု တခုကို ပြုလုပ်နိုင်ပါတယ် ။ ဘာကြောင့်လဲဆိုရင်

- အမျိုးသားအများစုဟာ အကြမ်းဖက်မှုတွေကို မကျူးလွန်ကြပါဘူး။ အမျိုးသား အများစုဟာ အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေအပေါ် လေးလေးစားစား ဆက်ဆံတတ်ကြပါတယ်။ သို့သော် အမျိုးသား အနည်းစုက၊ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေအပေါ် အထင်အမြင်သေးစွာနဲ့ ကြမ်းတမ်းစွာ ဆက်ဆံကြတယ်။ အကြမ်းဖက်ပါတယ်။ ဒီလိုအပြုအမူတွေကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတခု ပတ်ဝန်းကျင်တခုတည်ဆောက်ဖို့ အမျိုးသားတွေပေါ် အများကြီးမူတည်ပါတယ်။
- လူမှုအသိုင်းအဝိုင်းအတွင်း ဦးဆောင်သူတွေနဲ့၊ ဆုံးဖြတ်ချက်ချမှတ်သူ အဆင့်တွေမှာ ရောက်နေတာက အမျိုးသားတွေ ဖြစ်နေပါတယ်။ ဒီတော့ အမျိုးသားတွေအနေနဲ့ အမျိုးသမီး တွေအပေါ် အကြမ်းဖက်မှုဖြစ်နေတာတွေကို ရပ်တန့်ဖို့ လုပ်ဆောင်တဲ့နေရာမှာ အဓိကကျတဲ့ အခန်းက ပါဝင် ကူညီနိုင်ပါတယ်။

- အမျိုးသားတွေက မိမိတို့ရဲ့ အမျိုးသား မိတ်ဆွေတွေ၊ ဆွေမျိုးတော်စပ်သူ အမျိုးသားတွေကနေ အမျိုးသမီးနဲ့မိန်းကလေးငယ်တွေကို အနိုင်ကျင့်စော်ကားတဲ့အခါမှာဖြစ်စေ၊ သို့မဟုတ် ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့အခါမှာ ပွင့်လင်းစွာဝေဖန်ပြောဆိုပြီး ကြားဝင် ဟန့်တားနိုင်ပါတယ် ။
- အမျိုးသမီးတွေကလည်း အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုကျူးလွန်တာတွေကို အဆုံးသတ်အောင် ဆောင်ရွက်နေတဲ့ အမျိုးသားတွေကို သူတို့ရဲ့ သန္နိဋ္ဌာန်ချ လုပ်ဆောင်ချက်တွေအတွက် ထောက်ခံအားပေးမှုတွေနဲ့အတူ လက်တွဲ လုပ်ဆောင်လိုကြောင်းကို ပြသပေးပါ။

အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုကျူးလွန်မှု ဆိုတဲ့ ပြဿနာဟာ အမျိုးသားတွေရဲ့ ပြဿနာလည်း ဖြစ်ပါတယ် ဘာကြောင့်လည်း ဆိုတော့ –

- အမျိုးသားတွေဟာလည်း မိမိတို့ချစ်ခင်မြတ်နိုးတဲ့ အမျိုးသမီးတွေနဲ့ မိန်းကလေးတွေအပေါ် တခြားအမျိုးသားတွေက အကြမ်းဖက်တာတွေ ကျူးလွန်တဲ့အတွက် ထိခိုက်သက်ရောက်မှုတွေကို ရင်ဆိုင်ခံစားရပါတယ်။ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့် စော်ကားမှုနဲ့ ကလေးငယ်တွေအပေါ် အနိုင်ကျင့်စော်ကားမှုတွေဟာ အလွန်နက်ရှိုင်းတဲ့ စိတ်ဒဏ်ရာဒဏ်ချက်တွေ၊ စိတ်ပိုင်းဆိုင်ရာ အမာရွတ်တွေ ကျန်ရစ်စေပြီး၊ ဒီလိုထိခိုက်နာကျင်မှုတွေက ဇနီးသည်၊ သမီး၊ ညီမ၊ အမေ၊ အမျိုးသမီး မိတ်ဆွေသူငယ်ချင်းများနဲ့ အမျိုးသားတွေအကြား ဆက်ဆံရေးကို ထိခိုက်ရိုက်ခတ်မှုတွေ ရှိစေပါတယ်။
- တခါတလေ အမျိုးသားများဟာ အခြားအမျိုးသားတွေကနေ အမျိုးသမီးတွေအပေါ် အကြမ်းဖက်နေတာတွေကို ဘေးကရပ်ကြည့်နေသူတဲ့တွေ ဖြစ်နေတတ်ပါတယ်။
- ဒါကြောင့် အမျိုးသားများ အနေနဲ့ –
    - မိမိရဲ့ မိတ်ဆွေအပေါင်းအသင်းသူငယ်ချင်းတွေ၊ ဆွေမျိုးတော်စပ်သူတွေက အမျိုးသမီးများကို အနိုင်ကျင့် စော်ကားတဲ့အခါ (သို့မဟုတ်) ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့အခါ မိမိတို့အမျိုးသားတွေအနေနဲ့ ဆိတ်ဆိတ်နေပြီး မျက်နှာလွှဲ နေမှာလား ဒါမှ မဟုတ်–
    - အမျိုးသမီးတွေဘက်ကနေ ရပ်တည်ပြောဆိုမလား –– ဆိုတာကို – အမျိုးသားများက ရွေးချယ် ရပါမယ်။
- နောက်ပြီး – တခါတရံမှာ အချို့အမျိုးသားများ ကိုယ်တိုင် အကြမ်းဖက်မှုကို ကျူးလွန်တတ်ကြလို့ ဖြစ်ပါတယ်။ ■